
## သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC)
## တိုင်ဖွန်း “ရာဂီ” နှင့် ဆက်စပ်ဖြစ်ပွားသည့် ရေဘေးနှင့်စပ်လျဉ်းသည့်
## ဆောင်ရွက်မှု အခြေအနေ (၁၁-၁၂-၂၀၂၄)ရက်နေ့အထိ




- ၄၄၅ သေဆုံး
- ၄,၄၃၆ လုံးဝပျက်စီး
- ၆၄၃ စာသင်ကျောင်း
- ၄၈ ဒဏ်ရာရ
- ၁၅,၆၈၃ တစ်စိတ်တစ်ပိုင်း ပျက်စီး
- ၂၇၈ ရုံး/ဌာန
- ၁၂ ပျောက်ဆုံး
- ၂,၃၄၇ လမ်း/ တံတား
- ၂၁၇,၈၅၉ တိရစ္ဆာန်သေဆုံး
- ၉၃၉,၈၁၇ ဘေးသင့်ဦးရေ
- ၄၁၅ ဘာသာရေးအဆောက်အအုံ
- ၅၅၉ ရေဘေးရှောင်စခန်း
- ၂ သိန်း ၃ သောင်းကျော် ပျက်စီးစိုက်ပျိုးဧက

### နောက်ခံအကြောင်းအရာ


၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း တောင်တရုတ်ပင်လယ်၌ ဖြစ်ပွားခဲ့သည့် တိုင်ဖွန်း “ရာဂီ” ၏ အရှိန်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်၏အရှိန်တို့ ကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပါသည်။ စက်တင်ဘာလ ၈ ရက်မှ ၁၄ ရက်နေ့အတွင်း မြန်မာနိုင်ငံ အလယ်ပိုင်း၊ အရှေ့ပိုင်းနှင့် တောင်ပိုင်းတို့တွင် နေရာအနှံ့အပြား မိုးအဆက်မပြတ် ရွာသွန်းခဲ့ပြီး မိုးရေချိန်ရရှိမှုမှာ- ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် (၆.၁၁)လက်မ၊ ပင်လောင်းမြို့တွင် (၈.၅၈)လက်မ၊ လွိုင်လင်မြို့တွင် (၆.၅)လက်မ၊ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့တွင် (၁၀.၅၆) လက်မ၊ သာစည်မြို့တွင် (၁၁.၈၉) လက်မနှင့် ရမည်းသင်းမြို့တွင် (၁၁.၂၂)လက်မ၊ ကျောက်ပန်းတောင်းမြို့တွင် (၆.၀)လက်မ၊ မိတ္ထီလာမြို့တွင် (၅.၆၃) လက်မ၊ ညောင်ဦးမြို့တွင် (၈.၅၀) လက်မ၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့တွင် (၉.၃၃) လက်မ၊ ချောက်မြို့တွင် (၄.၇၂) လက်မ၊ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့တွင် (၇.၉၆) လက်မ၊ ဘားအံမြို့တွင် (၈.၅၈) လက်မနှင့် နေပြည်တော်၊ တပ်ကုန်းမြို့တွင် (၄.၂၁)လက်မတို့ဖြင့် မိုးသည်းထန်စွာရွာသွန်းပြီး မြန်မာနိုင်ငံအလယ်ပိုင်းဒေသအချို့နှင့် ရှမ်းပြည်နယ်တို့တွင် မိုးရေချိန် စံချိန်သစ်များ ဖြစ်လာခဲ့ပါသည်။


မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် မြေသားအတွင်း ရေစိမ့်ဝင်မှု များပြားခဲ့ပြီး ဒေသအလိုက် စီးဆင်းနေသော မြစ်ချောင်းများ ရေပြည့်ရေလျှံခြင်း၊ အချိန်တိုအတွင်း မိုးရေချိန် ရရှိမှု များပြားခြင်းတို့ကြောင့် တောင်ကျရေများ စီးဆင်းကာ လျှပ်တစ်ပြက်ရေကြီးမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ အဆိုပါ တောင်ကျရေနှင့်အတူ မျောပါလာသည့် သစ်လုံး၊ အမှိုက်သရိုက်များ၊ ကျောက်တုံးကျောက်ခဲများ၊ ရွှံ့နွံများကြောင့် လမ်းတံတား၊ အဆောက်အဦ၊ လယ်ယာမြေ၊ မွေးမြူရေးတိရစ္ဆာန်များ များစွာ ထိခိုက်ပျက်စီးခဲ့ရပါသည်။ တိုင်းဒေသကြီး/ပြည်နယ်(၈)ခုအတွင်းရှိ မြို့နယ် (၁၁၉)မြို့နယ်၌ ရေကြီးရေလျှမ်းမိုးမှုကို ခံစားခဲ့ရပါသည်။



(၁၁-၁၂-၂၀၂၄) ရက်နေ့ ကိန်းဂဏန်းအချက်အလက်များကို ရယူအသုံးပြုထားပါသည်။

## သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC)
## တိုင်ဖွန်း “ရာဂီ” နှင့် ဆက်စပ်ဖြစ်ပွားသည့် ရေဘေးနှင့်စပ်လျဉ်းသည့်
## ဆောင်ရွက်မှု အခြေအနေ (၃၁-၁၂-၂၀၂၄)ရက်နေ့အထိ









### နိုင်ငံတော်အဆင့် တုံ့ပြန်ဆောင်ရွက်ချက်များ

- ✓ မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သတင်းရရှိမှုများအရ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ (NDMC) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC) အား ရုံး(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ (၁၃-၉-၂၀၂၄)ရက်နေ့တွင် စတင်ဖွင့်လှစ်ခြင်း၊ ရေဘေးဖြစ်ပွားနေသည့် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဒေသအလိုက် DMC များ ဖွင့်လှစ်၍ ပေါင်းစပ် ညှိနှိုင်း တုံ့ပြန်ဆောင်ရွက်ခြင်းတို့အား လုပ်ဆောင်ခဲ့ပါသည်။
- ✓ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးဆောင်သည့် ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာအစည်းအဝေးနှင့် NDMC ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သည့် (NDMC) လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ၍ လုပ်ငန်းလမ်းညွှန်မှုများ အချိန်နှင့်တစ်ပြေးညီ ပေးနိုင်ခဲ့ခြင်းကြောင့် ရှာဖွေကယ်ဆယ်ရေးနှင့် တုံ့ပြန်ရေး၊ အရေးပေါ် လူသားချင်းစာနာမှုအကူအညီပေးရေး၊ အစောပိုင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးတို့အား ထိရောက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။
- ✓ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် NDMC ဥက္ကဋ္ဌနှင့် NDMC မှ တာဝန်ရှိသူများသည် ဘေးသင့်ဒေသများသို့ သွားရောက်၍ စိတ်လူမှုပိုင်းဆိုင်ရာ တွေ့ဆုံအားပေးခြင်း၊ ကူညီ ထောက်ပံ့ရေးပစ္စည်းများ ပံ့ပိုးပေးခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးဆောင်၍ ရေဘေးသင့်သူများ အတွက် အလှူငွေလက်ခံခြင်း စသည့်လုပ်ငန်းများအား နိုင်ငံတော်အဆင့်အဖြစ် အလေးထား တုံ့ပြန်ဆောင်ရွက်ခဲ့ ပါသည်။


## သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC)
## တိုင်ဖွန်း “ရာဂီ” နှင့် ဆက်စပ်ဖြစ်ပွားသည့် ရေဘေးနှင့်စပ်လျဉ်းသည့် ဆောင်ရွက်မှု အခြေအနေ (၃၁-၁၂-၂၀၂၄)ရက်နေ့အထိ


- **အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့မှု** – နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် (၇)ခုရှိ –
  - လုံးဝပျက်စီးနေအိမ်များအတွက် (၁)လုံးလျှင် ကျပ်(၂.၃၅)သန်းနှုန်းဖြင့် အိမ်(၄၄၃၉)လုံး၊
  - တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ်များအတွက် (၁)လုံးလျှင် ကျပ်(၁.၇၅)သန်း နှုန်းဖြင့် အိမ်(၅၇၅၇)လုံး၊
    - စုစုပေါင်း နေအိမ် (၁၀,၁၉၆)လုံးအတွက် ငွေကျပ် (၂၀,၅၀၆.၄)သန်း ထောက်ပံ့ခဲ့ပါသည်။
- ရေကြီးရေလျှံမှုကြောင့် အသက်ဆုံးရှုံးခဲ့သူများအတွက် –
  - အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက သေဆုံးသူ တစ်ဦးလျှင် (၅၀၀,၀၀၀/-)ကျပ်နှုန်းဖြင့် သေဆုံး(၄၂၉)ဦးအတွက် ငွေကျပ် (၂၁၄.၅)သန်း၊
  - သက်ဆိုင်ရာအစိုးရအဖွဲ့များမှ သေဆုံး(၄၂၉)ဦးအတွက် ငွေကျပ်(၁၀၃.၆)သန်းတို့ကို ကျန်ရစ်သူ မိသားစုဝင်များသို့ ထောက်ပံ့ပေးခဲ့ပါသည်။
- **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့မှု –**
  - ဘေးသင့်သူများအား ဆန်ရိက္ခာ၊ အိမ်/ကျောင်းဆောက်ပစ္စည်းဖိုးနှင့် ကယ်ဆယ်ရေး ပစ္စည်းနှင့် ခေါက်ဆွဲခြောက်/ငါးသေတ္တာများ ထောက်ပံ့လျက်ရှိရာ စုစုပေါင်း ငွေကျပ် (၂.၁၂၁၃)ဘီလီယံ ထောက်ပံ့ခဲ့ပြီး ဖြစ်ပါသည်။
  - သေဆုံး/ဒဏ်ရာရများအတွက် လူမှု/ကယ်ဆယ်ဝန်ကြီးဌာနက သေဆုံး(၁)ဦးလျှင် (၃၀၀,၀၀၀/-)ကျပ်နှုန်းဖြင့် သေဆုံး (၄၃၀)ဦးအတွက် ငွေကျပ် (၁၂၉.၀)သန်း၊ ထိခိုက်ဒဏ်ရာရ (၁)ဦးလျှင် (၅၀,၀၀၀/-)ကျပ်နှုန်းဖြင့် (၄၈)ဦးအတွက် ငွေကျပ်(၂.၄)သန်း၊ စုစုပေါင်း ငွေကျပ် (၁၃၁.၄)သန်းကို ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါသည်။








- **ရှာဖွေကယ်ဆယ်ရေးနှင့် အပျက်အစီးရှင်းလင်းရေးကဏ္ဍ** – ရှာဖွေကယ်ဆယ်ရေးတွင် မီးသတ်အင်အား (၂၇,၃၄၆)ဦးဖြင့် ရေဘေးသင့်သူ (၄၀၅,၄၃၃)ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး အပျက်အစီးရှင်းလင်းရေးလုပ်ငန်းများကို တပ်မတော်၊ မီးသတ်၊ ရဲနှင့် ကြက်ခြေနီ၊ ဝန်ထမ်းများနှင့် စေတနာရှင် ပြည်သူများက ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြရာ ရေဘေးကြောင့် ရွှံ့နွံများ၊ နုန်းများ ဖယ်ရှားခြင်း၊ လမ်း ပိတ်ဆို့စေသော သစ်ပင်သစ်ကိုင်းများ ဖယ်ရှားခြင်း၊ အပျက်အစီးများဖယ်ရှားခြင်းတို့ကို နေရာ (၆၁၈)နေရာ၌ ယာဉ်/စက် (၁,၃၁၇)စီး/ခုနှင့် ဆင် (၆)ကောင်၊ အင်အား(၃၁,၈၃၁)ဦးတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။
- **သောက်သုံးရေဖြန့်ဝေထားရှိမှု** – ရေကြီးရေလွှမ်းမိုးခံခဲ့ရသည့် တိုင်းဒေသကြီး/ပြည်နယ်များတွင် သောက်သုံးရေ ဖြန့်ဝေခဲ့ရာ (၂၄-၁၂-၂၀၂၄)ရက်နေ့အထိအချက်အလက်များအရ ရေဂါလံ (၁၁.၃၅)သိန်းကို ဖြန့်ဝေခဲ့ပြီး ဖြစ်ပါသည်။
- **အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမှု** – ရေဘေးကြောင့် အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး/ပျောက်ဆုံးများအတွက် အိမ်ထောင်စု (၁၇,၁၇၂)စုနှင့် နိုင်ငံသားစိစစ်ရေးကတ် (၄၄,၃၆၇)ခု တို့ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။
- **ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ** – ရေဘေးရှောင်စခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ပြင်ပ လူနာ (၃၇၂,၃၈၈)ဦးကို ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။
















- **ပညာရေးကဏ္ဍ** – ရေဝင်ရောက်မှုကြောင့် ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်း (၁၅၉၃)ကျောင်းရှိခဲ့ရာ (၂၂-၁၀-၂၀၂၄) ရက်နေ့တွင် ကျောင်းများအားလုံး ပြန်ဖွင့်ပြီး ဖြစ်ပါသည်။









## တိုင်ဖွန်း “ရာဂီ” နှင့် ဆက်စပ်ဖြစ်ပွားသည့် ရေဘေးနှင့်စပ်လျဉ်းသည့် ဆောင်ရွက်မှု အခြေအနေ (၃၁-၁၂-၂၀၂၄)ရက်နေ့အထိ





- ရာဂီမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးသည့် အခြေခံပညာကျောင်းများတွင် အသစ်ပြန်လည် ဆောက်လုပ်ရမည့် စာသင်ကျောင်း(၁၄)ကျောင်း၌ ကျောင်းဆောင်(၁၇)ဆောင်ရှိရာ ကျောင်းဆောင်အသစ်ဆောက်လုပ်ရာ၌ နိုင်ငံခြားရေး ဝန်ကြီးဌာနက (၁)ဆောင်နှင့် ကျန်ကျောင်းဆောင်များကို ပြည်တွင်းလုပ်ငန်းရှင်များက ကိုယ်တိုင်ဆောက်လုပ်ခြင်း ဖြင့် လှူဒါန်းသွားမည် ဖြစ်ပါသည်။ ကျောင်းဆောင်သစ်များ ဆောက်လုပ်လှူဒါန်းမှုတန်ဖိုးမှာ စုစုပေါင်း ငွေကျပ် (၃၄၈၄.၈)သန်း ဖြစ်ပါသည်။
- **လမ်း/တံတားကဏ္ဍ – ဆောက်လုပ်ရေးဝန်ကြီးဌာန**အောက်ရှိ
    - လမ်းလုပ်ငန်း (၁,၄၀၉)ခု၊
    - တံတားလုပ်ငန်း (၁၀၉)ခု ထိခိုက် ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ်သန်း (၆၁,၄၉၅.၄၂၇) ဖြစ်ပါသည်။




# သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC)
# တိုင်ဖွန်း "ရာဂီ" နှင့် ဆက်စပ်ဖြစ်ပွားသည့် ရေဘေးနှင့်စပ်လျဉ်းသည့် ဆောင်ရွက်မှု အခြေအနေ (၃၁-၁၂-၂၀၂၄)ရက်နေ့အထိ

- တိုင်းဒေသကြီး/ပြည်နယ်(၇)ခုတွင် **ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**အောက်ရှိ -
  - ကျေးလက်လမ်းလုပ်ငန်း (၂၄၀)ခု၊
  - တံတား လုပ်ငန်း (၁၁၁)ခု ထိခိုက်ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ်သန်း (၂၀၈၇၄.၄၄၇) ဖြစ်ပါသည်။
- **နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**အောက်ရှိ ထိခိုက်ပျက်စီးခဲ့မှုများအနက် လမ်းပိုင်း (၂၃)ခုနှင့် တံတားလုပ်ငန်း(၂)ခု၊ Box Culvert လုပ်ငန်း(၂)ခုနှင့် ဘာသာရေးအဆောက်အဦတို့သည် ပြုပြင်ပြီး ဖြစ်ပါသည်။ လမ်းပိုင်း(၇၆.၆%)၊ တံတားလုပ်ငန်း (၂၂.၂၂%)၊ Box Culvert လုပ်ငန်း(၆၆.၆၇%) နှင့်ဘာသာရေးအဆောက်အဦ (၁၀၀%) ပြီးစီးပြီးဖြစ်ပါသည်။
- **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**အောက်ရှိ -
  - ကုန်ထုတ်လမ်းနှင့် ရွာတွင်းလမ်းလုပ်ငန်း(၁၃၂)ခု၊ ကုန်ထုတ်တံတားနှင့် ရွာတွင်းတံတားလုပ်ငန်း (၁၉)ခု ထိခိုက်ခဲ့ပြီး ပျက်စီးမှုတန်ဖိုးမှာ ငွေကျပ် (၂၂၈၇.၆၄၃) သန်း ဖြစ်ပါသည်။
    - ❖ ပြုပြင်မှုများ ဆောင်ရွက်လျက်ရှိရာ လမ်းလုပ်ငန်း (၇၃)ခုနှင့် တံတားလုပ်ငန်း (၁၀)ခု ပြင်ဆင်ပြီးစီး၍ (၅၅%) လုပ်ငန်းပြီးစီးပြီ ဖြစ်ပါသည်။
  - ရေရရှိရေးလုပ်ငန်း (၉၀)ခုနှင့် ဆိုလာမီးလင်းရေး/ရေတင်စနစ်လုပ်ငန်း(၈)ခုတို့ ထိခိုက်ပျက်စီးခဲ့ပြီး ပျက်စီးမှုတန်ဖိုးမှာ ငွေကျပ် (၄၁၆.၄၄၉)သန်း ဖြစ်ပါသည်။ ရေရရှိရေးလုပ်ငန်း (၈၇)ခု ပြင်ဆင်ပြီးစီး၍ (၉၇ %) လုပ်ငန်းပြီးစီးပြီ ဖြစ်ပါသည်။ ဆိုလာမီးလင်းရေး/ရေတင်စနစ်လုပ်ငန်း (၆)ခု ပြင်ဆင်ပြီးစီး၍ (၇၅ %) လုပ်ငန်းပြီးစီးပြီ ဖြစ်ပါသည်။
- **မြန်မာ့မီးရထား** ကဏ္ဍတွင် ထိခိုက်ပျက်စီးမှုများမှာ -
  - ရန်ကုန်-မန္တလေးရထားလမ်းပိုင်းတွင် တာပေါင် (၁၉)နေရာ၊ တံတား (၁၀)နေရာ
  - သာစည်-ရွှေညောင်-တောင်ကြီးရထားလမ်းပိုင်းတွင် တာပေါင် (၄၁)နေရာ၊ မြေဖုံး(၂၂)နေရာနှင့် တံတား (၆)နေရာ
    - ❖ ပြုပြင်မှုများ ဆောင်ရွက်လျက်ရှိရာ (၈၀.၆)% ပြီးစီးပြီး ဖြစ်ပါသည်။










- **ဆည်၊ ကန်၊ တမံနှင့် ရေလွှဲဆည်ကဏ္ဍ** – နေပြည်တော်၊ မန္တလေး၊ ရှမ်းနှင့် ပဲခူးတိုင်းဒေသကြီးတို့အတွင်းရှိ စိုက်ပျိုးရေပေးဝေလျက်ရှိသည့် ဆည်တမံများအနက် ကန်(၉)ခု၊ တမံ(၁၅)ခု၊ ရေလွှဲဆည်(၁၃)ခု၊ ရေသောက်စနစ်(၄၀၅)ခု၊ တာ(၂၄)ခုနှင့် မြစ်ရေတင်နှင့် စက်ရေတွင်း (၃၃)ခု ထိခိုက်ခဲ့ပြီး
  - ❖ ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိရာ (၁၅%) ပြီးစီးပြီဖြစ်ပါသည်။


## သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန (DMC)
## တိုင်ဖွန်း "ရာဂီ" နှင့် ဆက်စပ်ဖြစ်ပွားသည့် ရေဘေးနှင့်စပ်လျဉ်းသည့် ဆောင်ရွက်မှု အခြေအနေ (၃၁-၁၂-၂၀၂၄)ရက်နေ့အထိ

- **ဆက်သွယ်ရေးကဏ္ဍ –** တိုင်းဒေသကြီး/ပြည်နယ် (၆)ခုရှိ MPT, Atom, Ooredoo နှင့် Mytel အစရှိသည့် ဆက်သွယ်ရေး လိုင်းများအနက် စခန်း/တိုင်အချို့ ထိခိုက်ခဲ့ရပြီး ပြုပြင်မှုများ ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ဆက်သွယ် ရရှိမှုအခြေအနေမှာ ၁၀၀% ဖြစ်ပါသည်။
- **လျှပ်စစ်ကဏ္ဍ –** တိုင်းဒေသကြီး/ပြည်နယ် (၇)ခုတွင် –
  - ဓါတ်တိုင် (၃၉၅၆)ခု၊ ထရန်စဖော်မာ (၁၇၄)ခု ထိခိုက်ပျက်စီးခဲ့ရကာ ငွေကျပ် (၁၇၀၇၄.၅၄၀)သန်း ဆုံးရှုံးခဲ့ရပါသည်။
    - ❖ ပြုပြင်မှုများ ဆောင်ရွက်လျက်ရှိပြီး ဓါတ်တိုင် (၂,၇၁၇)ခု၊ ထရန်စဖော်မာ (၁၅၆)ခု ပြင်ဆင်ပြီးစီးခဲ့၍ ၆၉.၅၆% ပြီးစီးပြီး ဖြစ်ပါသည်။
- **စိုက်ပျိုးရေးကဏ္ဍတွင် –** မိုးစပါးစိုက်ပျိုးပြီး (၂,၆၈၄,၃၁၃)ဧကအနက် (၄၀၁,၉၄၈)ဧကမှာ ရေနစ်မြုပ်မှုခံခဲ့ရပြီး မိုးစပါး ပျက်စီး ဧရိယာမှာ (၁၈၅,၀၅၇)ဧကနှင့် အခြားသီးနှံ (၄၃,၆၉၇)ဧက ပျက်စီးခဲ့ရပါသည်။
  - ❖ ပြန်လည် ဖြည့်ဆည်းမှုအနေဖြင့် စပါးနှင့် အခြားသီးနှံများ ပြန်လည်စိုက်ပျိုးလျက်ရှိရာ မိုးစပါး အချိန်မီ စိုက်ပျိုးနိုင်သောဒေသများတွင် မိုးစပါးစိုက်ပျိုးခြင်းနှင့် အချိန်မီစိုက်ပျိုးနိုင်ခြင်းမရှိသောဒေသများတွင်အခြားသီးနှံ များဖြင့် အစားထိုးစိုက်ပျိုးမှုများ ဆောင်ရွက်မည် ဖြစ်ပါသည်။
  - ❖ (၂၃-၁၂-၂၀၂၄) ရက်နေ့စာရင်းများအရ မိုးစပါး (၁၂,၇၃၃)ဧကနှင့် အခြားသီးနှံ (၁၆၂,၂၉၅)ဧက ပြန်လည် စိုက်ပျိုးပြီး ဖြစ်ပါသည်။
  - ❖ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ကျပ်သိန်း(၅၀၀၀) ထောက်ပံ့၍ မျိုးလိုအပ်ချက် (၇၇၇၃)တင်းနှင့် သွင်းအားစု များ ထောက်ပံ့နိုင်ရေး ဆောင်ရွက်လျက်ရှိရာ မျိုးစပါးအတွက် ငွေကျပ်(၂၇၂.၀၅၅)သန်း ထောက်ပံ့ခဲ့ပြီး ဖြစ်ပါသည်။
  - ❖ ရွက်ဖြန်းဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများအတွက် ငွေကျပ် (၂၂၇.၉၅၆)သန်းကို ထောက်ပံ့ခဲ့ပြီး ဖြစ်ပါသည်။
  - ❖ မိုးစပါးသီးနှံထိခိုက်ဧရိယာများအတွက် တစ်ဧကလျှင် ကျပ်(၁)သိန်းနှုန်းဖြင့် အရင်းမပျောက် မတည်ငွေ ကျပ်သိန်း (၁၂,၅၀၀)ကို နိုင်ငံတော်က အတိုးမဲ့ ထုတ်ချေးသွားမည်ဖြစ်ပြီး နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးတို့ကို ဦးစားပေး၍ ထုတ်ချေးသွားမည် ဖြစ်ပါသည်။
  - ❖ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်)မှ ကျပ်သန်း (၅၀၀) တန်ဖိုးရှိ မတ်ပဲမျိုးစေ့ (၂,၆၉၂) တင်းနှင့် ပဲတီစိမ်းမျိုးစေ့(၁,၃၀၅) တင်းကို မိုးစပါးပြန်လည်မစိုက်ပျိုးနိုင်သည့် ကရင်ပြည်နယ်၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ထောက်ပံ့ခဲ့ပြီး ဖြစ်ပါသည်။






- **မွေးမြူရေးကဏ္ဍ** – အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ –
  - တစ်နိုင်တစ်ပိုင်မွေးမြူရေးတိရစ္ဆာန်များ ပျက်စီးဆုံးရှုံးမှုအတွက် ငွေကျပ် (၄,၁၅၃.၅၇၂၅)သန်းနှင့်
  - စီးပွားဖြစ်မွေးမြူရေးခြံများ၏ ပျက်စီးဆုံးရှုံးမှုအတွက် ငွေကျပ် (၅၇၈.၈၈၄)သန်း
    - စုစုပေါင်းငွေကျပ်သန်း (၄၇၃၂.၄၅၆၅)ကို ထောက်ပံ့ခဲ့ပြီး ဖြစ်ပါသည်။
  - ငါးမွေးမြူရေးလုပ်ငန်းအတွက် ထောက်ပံ့မှုအဖြစ် တစ်ဧကအောက်မှ (၅၀)ဧကအထိ တစ်ဧကလျှင် ကောင်ရေ (၂,၀၀၀)နှုန်းဖြင့် ကောင်ရေ (၃၃.၂၃)သိန်း ထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်ထားပြီး (၃၁-၁၂-၂၀၂၄)ရက်နေ့အထိ (၁၈၄.၉၉)ဧကအတွက် ကောင်ရေ (၃၆၉,၉၄၀)ကောင် ထောက်ပံ့ခဲ့ပြီး ဖြစ်ပါသည်။

**တိရစ္ဆာန်ကာကွယ်ဆေးထိုးမှု**

ကျွဲနွား - (၇,၇၉၇)ကောင်၊

ကြက် - (၁၀၀) ကောင်


ဝက် - (၂၅)ကောင်


**တိရစ္ဆာန်ကုသမှု**

ကျွဲနွား - (၃,၁၄၀) ကောင်၊

သိုး၊ ဆိတ် - (၂၅၄) ကောင်၊

ဝက် - (၇၈၃) ကောင်




- **ပြည်တွင်းမှ စေတနာရှင်ပြည်သူ**များကလည်း ရေဘေးရှောင်စခန်းများ၌ အစားအသောက်များ ပေးဝေခဲ့ကြပါသည်။ ထို့အပြင် နိုင်ငံတော်အဆင့် အလှူငွေပေးအပ်လှူဒါန်းခြင်းအခမ်းအနား (၃)ကြိမ်တွင် ပါဝင်လှူဒါန်းခြင်း၊ သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဗဟိုဌာန (DMC)သို့ လာရောက်၍ လှူဒါန်းခြင်းများ၊ ဘဏ်သို့ တိုက်ရိုက်လှူဒါန်းမှုများနှင့် KPay, AYAPay, CBPay, Wave, OK$ တို့မှတဆင့်လည်း ရေဘေးသင့်သူများအတွက် လှူဒါန်းလျက်ရှိရာ (၃၁-၁၂-၂၀၂၄) ရက်နေ့အထိ အလှူငွေ စုစုပေါင်း ငွေကျပ် (၆၀.၀၉၀) ဘီလီယံကျော်ကို လက်ခံ၍ ရေဘေးသင့်သူများ တိုက်ရိုက် အကျိုး ခံစားခွင့်ရစေရေး ထောက်ပံ့ ကူညီလျက်ရှိပါသည်။

➢ **အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများမှ လှူဒါန်းမှု** - လူသားချင်းစာနာထောက်ထားမှု အကူအညီ ပေးရေးပစ္စည်းများကို ရေဘေးသင့်သူများထံ ဖြန့်ခွဲ ထောက်ပံ့ပေးလျက်ရှိပါသည်။

| စဉ် | လှူဒါန်းသည့်နိုင်ငံ/ အဖွဲ့အစည်း | အလေးချိန် | စုစုပေါင်းတန်ဖိုး | | |
|---|---|---|---|---|---|
| | | | USD | မြန်မာကျပ် | အခြား |
| ၁ | AHA Centre | ၆၀ တန် | ၇၁၈,၇၉၃.၆၅ | | |
| ၂ | WFP | ၂၆၆၂.၁၂၃ တန် | ၁,၁၅၆,၇၅၃ | | |
| ၃ | UNICEF | - | ၅၉,၈၄၀ | | |
| ၄ | UNFPA | - | ၄,၀၀၀ | | |
| ၅ | World Vision | - | ၅၀၀,၀၀၀ | ၆,၅၀၀,၀၀၀ | |
| ၆ | Save The Children | - | ၂၄,၀၀၀ | ၃,၀၀၀,၀၀၀ | |
| ၇ | ကမ္ဘောဒီးယားနိုင်ငံ | ၁၁၀ တန် | | ၂၂၀,၀၀၀,၀၀၀ | |
| ၈ | မလေးရှားနိုင်ငံ | ၅.၂၅၄ တန် | | | |
| ၉ | စင်္ကာပူနိုင်ငံ | ၉.၀၇၇ တန် | | | |
| ၁၀ | ဗီယက်နမ်နိုင်ငံ | ၀.၅ တန် | | | |
| ၁၁ | တရုတ်နိုင်ငံ | ၁.၉၁ တန် | | ၃၆,၁၅၀,၀၀၀ | Yuan ၁၀၀,၀၀၀/- |
| ၁၂ | အိန္ဒိယနိုင်ငံ | ၅၆.၅၀ တန် | ၁,၀၀၀,၀၀၀ | | |
| ၁၃ | ရုရှားဖက်ဒရေးရှင်းနိုင်ငံ | ၃၅ တန် | | | Rubal ၂၉,၃၀၀,၀၀၀/- |
| ၁၄ | သီရိလင်္ကာနိုင်ငံ | ၂၂၆.၂ ကီလိုဂရမ် | | | |
| | **စုစုပေါင်း** | **၂၉၄၀ တန်<br>၂၂၆.၂ ကီလိုဂရမ်** | **၃,၄၆၃,၃၈၇/-** | **၂၆၅,၆၅၀,၀၀၀/-** | **Yuan ၁၀၀,၀၀၀/-<br>Rubal ၂၉,၃၀၀,၀၀၀/-** |

➢ **အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေ**မှလည်း ရာဂီမုန်တိုင်းနှင့် ဆက်စပ်ရေဘေးနှင့်ပတ်သက်၍ အရေးပေါ်တုံ့ပြန်ခြင်း၊ ထောက်ပံ့ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ကျခံသုံးစွဲခဲ့ရာ စားနပ်ရိက္ခာ၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သောက်သုံးရေ၊ နေအိမ်ဆောက်လုပ်ပြုပြင်ခြင်း၊ ဆက်သွယ်ရေး၊ မီးရထားလမ်း၊ သယ်ယူပို့ဆောင်ရေးကဏ္ဍများအတွက် စုစုပေါင်း ငွေကျပ် (၄၀.၃၆၁)ဘီလီယံ ကျခံသုံးစွဲခဲ့ပါသည်။

➢ **ပြန်လည်ထူထောင်ရေးလုပ်ငန်း**များဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ရန်ပုံငွေ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ရန်ပုံငွေများဖြင့် ကျခံသုံးစွဲဆောင်ရွက်လျက်ရှိသကဲ့သို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေကလည်း ကျခံသုံးစွဲလျက်ရှိပါသည်။

➢ **နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ** ရာဂီမုန်တိုင်းနှင့် ဆက်စပ်ရေဘေးကြောင့် ထိခိုက်ပျက်စီးမှုများမှ ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ၂၀၂၅ ခုနှစ်၊ မတ်လ(၁၅)ရက်နေ့ နောက်ဆုံးထား ပြီးစီးနိုင်ရေး ဌာနဆိုင်ရာအသီးသီး ကလည်း အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။